နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့
Back Pack Health Worker Team
P.O Box 57, Mae Sot, Tak 63110, Thailand
ph/fax:055545421, email:bphwt@loxinfo.co.th

# ထုတ်ပြန်ကြေညာချက်

ရက်စွဲ - ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၇)ရက်

နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့သည် ၁၉၉၈ ခုနှစ်မှစ၍ မြန်မာပြည်တွင်းစစ် ပဋိပက္ခဖြစ်ပွားရာဒေသများနှင့်ပဋိပက္ခဖြစ်ပွားပြီး ထိခိုက်ခံစားနစ်နာသူများအတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှုကိုအခြေခံပြီး ကျန်းမာရေးဝန်ဆောင်မှုများကို လုပ်ဆောင်ပေးလျှက်ရှိပါသည်။

ယခုလက်ရှိတွင် မိမိတို့နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့မှ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကရင်ပြည်နယ်၊ ဖါပွန်ခရိုင်(မူတြော်ခရိုင်)၊ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ ထီးကဘောမဲ(ဆင်စွယ်)ကျေးရွာတွင် ကလေးငယ်တစ်ဦးထံမှ ပိုလီယိုရောဂါပိုးတွေ့ရှိကြောင်းကို မြန်မာနိုင်ငံကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် သတင်းထုတ်ပြန်သည်ကို တွေ့ရှိရပါသည်။

အဆိုပါ ကလေးငယ်၏ဝမ်းနမူနာကို မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးဓါတ်ခွဲမှုဆိုင်ရာဌာနနှင့် အိန္ဒိယနိုင်ငံဘွန်ဘိုင်းမြို့မှ ဒေသဆိုင်ရာ ရည်ညွှန်းဓါတ်ခွဲခန်းကြီး ဖြစ်သော(Specialised Polio Lab)သို့ ပေးပို့စစ်ဆေးရာ ၂၀၁၉ ခုနှစ်၊ဇွန်လ(၂၃)ရက်နေ့တွင် **အသွင်ပြောင်းပိုလီယိုအကြောသေရောဂါပိုး** (Vaccine Derived Polio Virus Type1) ဖြစ်သည်ကို တွေ့ရှိအတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအသွင်ပြောင်းပိုလီယိုရောဂါပိုးသည် ကာကွယ်ဆေးလွှမ်းခြုံမှုမကောင်းသော နေရာဒေသများတွင် ကူးစက်ပြန့်ပွားပြီး ပိုလီယိုကာကွယ်ဆေးအပြည့်အဝ တိုက်ကျွေးခြင်းမရှိသော ကလေးငယ်များတွင် ပိုလီယိုအကြောသေရောဂါကူးစက်ခံရနိုင်ခြေများပြားကြောင်းလည်း သိရှိရပါသည်။ ၎င်းပိုလီယို အကြောသေရောဂါဖြစ်ပွားမှုကို မိမိတို့အဖွဲ့အစည်းမှလည်း အထူးစိုးရိမ်လျှက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပိုလီယိုအကြောသေရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် မိမိတို့အနေဖြင့် ဒေသဆိုင်ရာကျန်းမာရေးအဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများနှင့်သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**ဆက်သွယ်ရန်**

၁။ စောဂင်းကျော် (+၆၆ (၀) ၈၀၁ ၁၇၉ ၉၆၄)၊ (+၉၅ (၀) ၉၇၉ ၃၆၄ ၂၃၈၈)
၂။ စောဖိုးအေး (၀၅၃(၀) ၉ ၄၅၅၈၂၀၀၅၅)